Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၆) နေ့စွဲ။ ၂၉.၁၀.၂၀၁၅ (ကြာသပတေးနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (5) | ဦးသိန်းစိန် | **ရွေးကောက်ပွဲကို ကြိုဆိုခြင်းအဖြစ် နိုင်ကျဉ်းများ ပြန်လွှတ်ပေးရန် လူ့အခွင့်အရေးကော်မရှင်က သမ္မတထံတင်ပြ**<br>ရွေးကောက်ပွဲကို ကြိုဆိုသောအားဖြင့် အကျဉ်းထောင်များရှိ နိုင်ငံအေကျဉ်းသားများကို ပြစ်ဒဏ်လွှတ်ငြိမ်းခွင့်ပေးရန် နိုင်ငံတော် သမ္မတထံတင်ပြထားကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကအောက်တိုဘာ ၂၇ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်သည်။ ယင်းသို့ ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံရေးအကျဉ်းသားများ၊ ထိန်းသိမ်းခံကျောင်းသား၊ ကျောင်းသူ များ၊ ဝန်းရံပြည်သူများ သည် ရွေးကောက်ပွဲတွင် လွတ်လပ်စွာ ပါဝင် ခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ ရွေးကောက်ပွမတိုင်မီ လက်ရှိအစိုးရက ဖမ်းဆီးအကျဉ်းချထားသူအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးသင့်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့ချုပ်မှ ဦးညိုထွန်းက ပြောသည်။<br>ဖြိုးဝေလင်း |
| ၂ | ၂၉.၁၀.၁၅ | The Hot News Vol (6) No (266) p (3) | ဦးသိန်းစိန် | **ဒေါ်အောင်ဆန်းစုကြည် တပ်မတော်အပေါ် မထိန်းချုပ်နိုင်သဖြင့် ဦးသိန်းစိန်ကို ထောက်ခံကြရန် စာများဖြန့်ဝေ**<br>ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့ပေါ်တွင် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်ကြဆိုသည့် စာသားပါစာရွက်များ အောက်တိုဘာ ၂၇ ရက်က လူပုဂ္ဂိုလ်အချို့က ဖြန့်ဝေ ခဲ့သည်။ ယင်းသို့ဖြန့်ဝေခြင်းကို ကန်ကြီးဒေါင့်ကျေးရွာအုပ်စု၊ သဖန်းပင်ဆိပ်ကျေးရွာအုပ်စု၊ ကျိုက်ပိကျေးရွာအုပ်စုများတွင် ပြုလုပ်ခဲ့သည်ဟု ဦးစိန်မြင့်ကဆိုသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြ၊ ဝါးခယ်မ၊ ပုသိမ်မြို့နယ်၊ လပွတ္တာမြို့နယ်များတွင်လည်းပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်းတွင် ပြုလုပ်ခဲ့သော မျိုးစောင့်ဥပဒေ ထောက်ခံပွဲတွင် သီတဂူဆရာတော်က သံဃာငယ်များ တပ်ဦးမကျိုးကြရန် ထည့်သွင်းမိန့်ကြားခဲ့သည်။<br>မျိုးကျော် |

| | | | | |
|---|---|---|---|---|
| ၃ | ၂၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၆) p (11) | Election | **မွန်ပြည်နယ် သထုံမြို့နယ်တွင် ကြိုတင်မဲပေးနိုင်ပြီ**<br>မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်း မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ကြိုတင်မဲပေးလိုပါက အောက်တိုဘာ ၂၉ ရက် မှ စတင်ကာ ပုံစံ (၁၃) ဖြင့် လာရောက်လျှောက်ထားပြီး အချက်အလက် ခိုင်ခံ့ပါက ကြိုတင်မဲပေးနိုင်ကြောင်းသိရသည်။ သထုံမြို့နယ်တွင် မဲဆန္ဒနယ်မြေနှစ်ခုရှိပြီး မဲဆန္ဒနယ်မြေအမှတ် ၁ တွင် ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၁၅ စု၊ မဲဆန္ဒနယ်မြေ အမှတ် ၂ တွင် ရပ်ကွက်သုံးခုနှင့် ကျေးရွာအုပ်စု ၃၁ စုတို့ ပါဝင်ကြောင်း၊ ရက်/ကျေးကော်မရှင် အဖွဲ့ခွဲပေါင်း ၅၄ ဖွဲ့ရှိပြီး၊ ရပ်/ကျေး မဲရုံ ၇၉ ရုံ၊ တပ်ရင်း/တပ်ဖွဲ့ မဲရုံကိုးရုံနှင့် စက်ရုံအလုပ်ရုံ မဲရုံတစ်ရုံတို့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၇၁၀၀ ဝန်းကျင်ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။<br>အောင်မြင့်ထွန်း (မြစ်မခ) |
| ၄ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (3) | Election | **မန္တလေးတွင် ပြုလုပ်သည့် ဒီချုပ်အောင်နိုင်ရေးဖျော်ဖြေပွဲ ပရိသတ် တစ်သောင်းဝန်းကျင်တက်ရောက်**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲအောင်နိုင်ရေး အတွက် နာမည်ကြီး အနုပညာရှင်များက အောက်တိုဘာ ၂၈ ရက်တွင် မန္တလေးမြို့ မနော်ရမ္မ ပြည်သူ့ဟာစ်တိုင်ကွင်းသို့ လာရောက်ဖျော်ဖြေခဲ့ရာ ပရိသတ် တစ်သောင်းဝန်းကျင်တက်ရောက်ခဲ့သည်။ NLD အဖွဲ့ချုပ်အောင်နိုင်ရေး အနုပညာရှင်များအဖွဲ့သည် လက်ရှိအချိန်ထိ မော်လမြိုင်၊ ပုသိမ်၊ သန်လျင်၊ ပခုက္ကူ၊ မြင်းခြံ၊ လားရှိုး၊ ပြည်၊ ဘားအံ၊ မြဝတီ၊ တောင်သာ၊ ကော့ကရိတ်၊ ကော့မှူး၊ ဘိုကလေး၊ နေပြည်တော်၊ တွံတေး၊ ဒလ၊ မန္တလေး အပါအဝင် မြို့ပေါင်း ၁၈ မြို့တွင် အောင်နိုင်ရေးဖျော်ဖြေပွဲများ ပြုလုပ်ပြီးဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်တွင် စစ်ကိုင်းမြို့နှင့် ဘုတလင်မြို့တို့တွင် ဖျော်ဖြေရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။<br>ချမ်းဇော်အောင် |
| ၅ | ၂၉.၁၀.၁၅ | The Messenger p (10) | Election | **တပ်မတော်သား မဲဆန္ဒရှင်များအတွက် ကော်မရှင်ကို ယုံကြည်မှုမရှိ**<br>ပြည်ပစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် တပ်မတော်သားမဲဆန္ဒရှင်များနှင့်ပတ်သက်၍ ကော်မရှင်ကို ယုံကြည်မှုမရှိကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြင့်ကပြောသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် တပ်မတော် မဲရုံ (၃၅) ရုံရှိရာ မဲပေးခွင့်ရှိသူ (ခန့်မှန်း) တပ်မတော်သားများနှင့် ၄င်းတို့အပေါ် မှီခိုသူ မိသားစု စုစုပေါင်း ၁၃၈၁၁ ဦးရှိသည်။ အမေရိကန်သံရုံး ဗြိတိသျှသံရုံး အီးယူသံရုံးမှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံရာကော်မရှင်ကို တပ်မတော်နှင့်ပတ်သက်၍ မဖြစ်နိုင်သည့် |

| | | | | |
|---|---|---|---|---|
| | | | | မေးခွန်းများကိုလည်းမေးသည်ဟု တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကပြောသည်။ ရှေ့တန်းရောက် တပ်မတော်သားများကြိုတင်မဲပေးရမည်ဖြစ်ပြီး ယင်းကြိုတင်မဲများကို အောက်တိုဘာ ၂၉ ရက်နေ့မှ နိုဝင်ဘာ ၇ ရက်နေ့ ညနေ ၄ နာရီထိ ကြိုတင်မဲပေးနိုင်သည်။<br>(ပုသိမ်) မျိုးမင်းပိုင် |
| ၆ | ၂၉.၁၀.၁၅ | Daily Eleven Pg (5) | Election | **တပ်မတော်သားနှစ်ရာ၏ မဲစာရင်းများ ဟိုင်းကြီးကျွန်းနှင့် ကိုကိုးကျွန်း နှစ်နေရာလုံးပါဝင်နေ၍ ပြန်လည်စိစစ်ပေးရန် NLD ကိုယ်စားလှယ်လောင်းများ တင်ပြထား**<br>တပ်မတော် (ရေ) မှ တပ်မတော်သားနှစ်ရာ၏ မဲစာရင်းများဟိုင်းကြီးကျွန်းရှိ ပမ္မဝတီရေတပ်စခန်းဌာနချုပ်နှင့် ကိုကိုးကျွန်းမြို့နယ် အမှတ် (၂၇) အခြေစိုက် ရေတပ်စခန်းတို့ရှိ နှစ်နေရာစလုံးတွင် ပါဝင်နေသဖြင့် ပြန်လည်စိစစ်ပေးရန် ကိုကိုးကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်သို့ စာဖြင့်ရေးသားတင်ပြထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်းကပြောသည်။ ဟိုင်းကြီးကျွန်းရေတပ်စခန်းတွင် တပ်မတော်နှင့် မိသားစုဝင် မဲဆန္ဒရှင်စာရင်းမှာ ၁၄၃၀ ရှိပြီး ကိုကိုးကျွန်းမြို့ အမှတ် (၂၇) အခြေစိုက် ရေတပ်စခန်းတွင် မဲဆန္ဒရှင် စာရင်းမှာ ၅၇၀ ရှိကြောင်း၊ အဆိုပါစာရင်းနှစ်ခုအား တိုက်ဆိုင်စစ်ရေးရာတွင် ယင်းသို့ အမည်စာရင်းထပ်နေသည်ကိုတွေ့ရှိရကြောင်း ဦးဝင်းမင်းက ပြောသည်။ ဆက်သွယ်ရေးအခက်အခဲကြောင့် ကိုကိုးကျွန်းသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခွင့် နှစ်ပတ်ကျော်သာကျန်ရှိတော့သည့်အချိန်မှ သွားရောက်နိုင်ခဲ့သော်လည်း ကြံ့ခိုင်ရေးပါတီမှ ကိုယ်စားလှယ်လောင်းများမှာ မဲဆွယ်စည်းရုံးခွင့် ရက်ပေါင်း ၆၀ ကို အပြည့်အဝမဲဆွယ်စည်းရုံးခွင့် ရရှိထားသည်။<br>ကျော်ဇင်ဝင်း |
| ၇ | ၂၉.၁၀.၁၅ | Daily Eleven Pg (3) | Election | **ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းကို နိုဝင်ဘာ ၂ ရက်မှစ၍ သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးခွဲများ၌ ကပ်ထားမည်**<br>၂၀၁၅ ရွေးကောက်ပွဲအတွက် မဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းများကို နိုဝင်ဘာ ၂ ရက်နေ့မှ စတင်ကာ သက်ဆိုင်ရာရပ်ကွက်ကော်မရှင်ရုံးခွဲများတွင် ကြေညာကပ်ထားမည်ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းက အောက်တိုဘာ ၂၇ ရက်နေ့က ပြုလုပ်သည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ပုံစံ ၃ (က) ဖြင့် လျှောက်ထားသည့် မဲစာရင်းများကို လက်ရှိတွင် ရိုက် |

| | | | | |
|---|---|---|---|---|
| | | | | နိုင်နေပြီး နိုဝင်ဘာ ၂ ရက်တွင် သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင်ရုံးခွဲများတွင် ကပ်ထားမည်ဟုလည်း ၎င်းကဆက်လက်ပြောကြားသည်။ |
| ၈ | ၂၉.၁၀.၁၅ | Daily Eleven Pg (15) | Election | **ကယားပြည်နယ်၌ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ အားနည်းလျက်ရှိရာ ရွေးကောက်ပွဲကာလတွင် မဲမသမာမှုနှင့် ကြိုတင်မဲများအပေါ် စိုးရိမ်လျက်ရှိ**<br>ကယားပြည်နယ်အတွင်း လာမည့် ရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲ စောင့်ကြည့်ရန် တာဝန်ထမ်းဆောင်သည့်သူများ အားနည်းလျက်ရှိသောကြောင့် ရွေးကောက်ပွဲကာလတွင်မဲမသမာမှုများနှင့် ကြိုတင်မဲများအပေါ်တွင် စိုးရိမ်လျက်ရှိသည်ဟု နိုင်ငံရေးပါတီများမှသိရသည်။ ကယားပြည်နယ်အတွင်း ပြည်ထောင်စုဝန်ကြီးများ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှားတော၊ ဘောလခဲနှင့် ဒုဝန်ကြီးတစ်ဦးဝင်ရောက်ယှဉ်ပြိုင်မည့်ဖားဆောင်းမြို့နယ်များမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ရွေးကောက်ပွဲစောင့်ကြည့်သူများမှာ သတင်းအပြည့်အစုံ မရသည့်အပြင် နောက်ကျခြင်းများလည်း ကြုံနေကြရသည်ဟု သိရသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ရှားတောမြို့နယ်သည်လည်း ဆက်သွယ်ရေးခက်ခဲခြင်း၊ တောင်စွယ်တောင်တန်းပေါ်များခြင်းကြောင့် လမ်းပန်းခက်ခဲခြင်း၊ ဌာနေတိုင်းရင်းသားများမှ ဗမာစကားမတတ်ခြင်း၊ စစ်တပ်နေရာချထားမှု များပြားခြင်းကြောင့် ရွေးကောက်ပွဲစောင့်ကြည့်သူများအနေဖြင့် မပြတ်စောင့်ကြည့်သင့်သည်ဟု နိုင်ငံရေးပါတီများက အကြံပြုပြောကြားသည်။<br>မခိုင် |
| ၉ | ၂၉.၁၀.၁၅ | စံတော်ချိန် အတွဲ(၃) အမှတ် (၉၁၈) Pg (1, 2) | Election | **မဲပေးခွင့်ဆုံးရှုံးမှု စိုးရိမ်မကင်းဖြစ် နိုင်ငံရေးဟန်ချက်ပျက်နေကြောင်း ကာတာစင်တာ ကြေညာချက်ထုတ်**<br>နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့်ဆုံးရှုံးနေရမှုများနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ကာတာစင်တာ နိုင်ငံတကာ ရွေးကောက်ပွဲများ လေ့လာစောင့်ကြည့်ရေးအဖွဲ့က အောက်တိုဘာ ၂၈ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်သည်။ ပြီးခဲ့သည့် သီတင်းပတ်အနည်းငယ်အတွင်း ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများသည် အထိုက်အလျောက်ငြိမ်းချမ်း၍ လွတ်လပ်မှုရှိခဲ့သော်လည်း နိုင်ငံရေးအရ စိတ်အနှောင့်အယှက်ပေးမှုများ၊ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှုများ၊ မဲဆန္ဒရှင်စာရင်း မှားယွင်းမှုများနှင့် လူမျိုးရေးဘာသာရေး တင်းမာမှုများမြင့်တက်လာခြင်းကြောင့် ရွေးကောက်ပွဲအကြိုကာလ နိုင်ငံရေးအခြေအနေမှာ ဟန်ချက်ပျက်နေသည်ဟု ထုတ်ပြန်ချက်တွင် သတိပေးထားသည်။ ထို့ပြင် ရွေးကောက်ပွဲအစီစဉ်ပယ်ဖျက်ကြောင်း ကြေညာခဲ့သည့် ရှမ်းပြည်နယ် |

| | | | | |
|---|---|---|---|---|
| | | | | ကျေးရွာနှင့် မြို့အရေအတွက် မျှော်လင့်သည်ထက် များပြားခဲ့ရာ ပြည်သူများ မဲပေးခွင့်ဆုံးရှုံးခဲ့ရမှုနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်မိသည်ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |
| ၁၀ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (9) | NLD | **ယခင်နှင့် လက်ရှိအစိုးရလက်ထက်တွင် ရာထူးကြီးယူခဲ့သူများ ဝင်ပြိုင်မည့် မဲဆန္ဒနယ်တွင် မဲစာရင်းအပိုများစွာ ပါဝင်နေဟု ဒီချုပ်ကြေညာချက်ထုတ်**<br>တပ်မတော် အစိုးရလက်ထက်တွင် ရာထူးကြီးကြီးယူခဲ့သူများ ဝင်ပြိုင်ကြမည့် မဲဆန္ဒရှင်များရှိ မဲစာရင်းတွင် လူပိုမဲဆန္ဒရှင် အရေအတွက်များစွာ ပါဝင်ခြင်းသည် ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်လာနိုင်မည့် အလားအလာရှိကြောင်း NLD က အောက်တိုဘာ ၂၇ ရက် ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ မြို့နယ်များတွင် ဖော်ထုတ်တွေ့ရှိရသော မဲစာရင်းများတွင် နေရပ်လိပ်စာ၊ မှတ်ပုံတင်တူပြီး အမှန်တကယ်နေထိုင်ခြင်းမရှိသည့် လူအမည်စာရင်းများ များစွာပေါ်ပေါက်နေသည်ကို တွေ့ရကြောင်း၊ အချို့မြို့နယ်များတွင် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ များပြားကြောင်း ကြေညာချက်တွင် ပါသည်။<br>ရန်မျိုးနိုင် |
| ၁၁ | ၂၉.၁၀.၁၅ | Daily Eleven Pg (21) | NLD | **မအူပင်မြို့တွင် ပြည်ခိုင်ဖြိုးပါတီ အင်အားပြမဲဆွယ်ရာ ဌာနဆိုင်ရာယာဉ်များနှင့် အစိုးရဝန်ထမ်းများ ပါဝင်နေခြင်းအပေါ် ဥပဒေနှင့်မညီညွတ်၍ ကော်မရှင်သို့ NLD တိုင်ကြား**<br>ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အောက်တိုဘာ ၂၀ ရက်နေ့က မအူပင်မြို့နယ် မဲဆွယ်စည်းရုံးရာ၌ ဥပဒေနှင့်မညီညွတ်သည့်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ခရိုင်ရွေးကောက်ပွဲကော်မရှင်ထံ တိုင်ကြားထားသည်ဟုသိရသည်။ ပြည်ခိုင်ဖြိုးပါတီ မဲဆွယ်စည်းရုံးရာ၌တွင် အစိုးရဌာနဆိုင်ရာကားများကို အသုံးပြုခြင်း၊ စည်ပင်သာယာရေးကော်မတီမှ ယာဉ်များကို အသုံးပြုခြင်း၊ အစိုးရဝန်ထမ်းများ ကိုယ်တိုင်ဝင်ရောက်မဲဆွယ်ခြင်းတို့ရှိခဲ့သည်ဟုဆိုကာ NLD မအူပင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက မအူပင်ခရိုင်ရွေးကောက်ပွဲကော်မရှင်ထံသို့ အောက်တိုဘာ ၂၆ ရက်နေ့က တိုင်ကြားခဲ့ခြင်းဖြစ်သည်။ ယင်းသို့ တိုင်ကြားထားခြင်းနှင့် ပတ်သက်၍ လက်ရှိအချိန်အထိ ရွေးကောက်ပွဲကော်မရှင်မှ အကြောင်းပြန်ကြားခြင်းမရှိသေးဟု သိရသည်။<br>သက်မင်း |
| ၁၂ | ၂၉.၁၀.၁၅ | Daily Eleven Pg (3) | NLD | **ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ်နောက်ပိုင်း NLD ပါတီအပေါ် လူထုထောက်ခံမှု မြင့်တက်လာဟု NLD ပါတီ ရခိုင်ပြည်နယ်ခေါင်းဆောင်များ ပြော**<br>ဒေါ်အောင်ဆန်းစုကြည်၏ ရခိုင်ပြည်နယ်ခရီးစဉ် နောက်ပိုင်း NLD ပါတီအပေါ် လူထုထောက်ခံမှုမြင့်တက်လာပြီး ပြည်နယ် |

| | | | | |
|---|---|---|---|---|
| | | | | အတွင်း နေရာအများစု အောင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ရခိုင်ပြည်နယ် NLD ပါတီ ဥက္ကဋ္ဌ ဦးညီပုက ပြောကြားသည်။ လူထုသည် အပြောင်းအလဲအတွက် NLD ပါတီအပေါ် ထောက်ခံမှုပိုရှိလာကြောင်း၊ ပြည်နယ်အတိုင်းအတာအနေဖြင့် အများစုအနိုင်ရမည်ဟု မျှော်မှန်းထားကြောင်းနှင့် ဂွမြို့နယ်၊ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်တို့တွင် အနိုင်ရရှိရန်သေချာကြောင်း ဦးညီပုက ဆိုသည်။ NLD ပါတီအနေဖြင့် ကျေးရွာအများစုသို့ မဲဆွယ်စည်းရုံးရေးဆင်းရာတွင်လည်း အခက်အခဲတစ်စုံတစ်ရာမရှိကြောင်းနှင့် ကျေးရွာအားလုံးသို့ စည်းရုံးရေးမဆင်းနိုင်သော်ငြားလည်း အများစုကွင်းဆင်းပြီးဖြစ်သည်ဟု သိရသည်။<br>သားရွှေဦး (ကစ္စပ) |
| ၁၃ | ၂၉.၁၁.၁၅ | စံတော်ချိန်<br>အတွဲ(၃)<br>အမှတ် (၉၁၈)<br>Pg (24, 3) | USDP | **ဒက္ခိဏသီရိမြို့နယ်၌ ပြည်ခိုင်ဖြိုးပါတီအား မဲပေးလျှင် လျှပ်စစ်မီတာများချပေးမည်ဟု ပြောဆိုစည်းရုံးနေဟု ဆို**<br>နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၌ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအချို့အား ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီအား မဲထည့်ပါက လျှပ်စစ်မီတာများချပေးမည်ဟု ပြောဆိုစည်းရုံးမှုများ အောက်တိုဘာ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သည်ဟု သိရသည်။ ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု တောင်ကျောင်းစုကျေးရွာမှ လျှပ်စစ်မီတာမရှိသည့် ဒေသခံများအား ကျေးရွာမှ ရာအိမ်မှူး ဦးမြသိန်းနှင့် ဆယ်အိမ်မှူး ဦးနိုင်အေးတို့က ခေါ်ယူတွေ့ဆုံကာ ယင်းသို့ ပြောဆိုစည်းရုံးခဲ့ခြင်းဖြစ်သည်ဟု တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူ ဒေါ်စိန်ရီကပြောသည်။ လျှပ်စစ်မီတာများအား ရွေးကောက်ပွဲမတိုင်မီ ချထားပေးမည်ဖြစ်ပြီး မီတာရယူထားသော်လည်း ပြည်ခိုင်ဖြိုးပါတီကို မဲမထည့်ပါက ယင်းမီတာများကို ပြန်လည်ဖြုတ်သိမ်းမည်ဟုလည်း ပြောဆိုစည်းရုံးခဲ့ကြောင်း တောင်ကျောင်းစုကျေးရွာဒေသခံ ဦးမြင့်ဦးက ပြောသည်။ |
| ၁၄ | ၂၉.၁၁.၁၅ | စံတော်ချိန်<br>အတွဲ(၃)<br>အမှတ် (၉၁၈)<br>Pg (1, 2) | ပါတီ | **ကျားခေါင်းနှင့် NLD ပေါင်းပြီး အစိုးရဖွဲ့မည်စိုးသောကြောင့် လေးမြို့နယ် ရွေးကောက်ပွဲမကျင်းပခြင်းဖြစ်ဟု ဦးခွန်ထွန်းဦး သုံးသပ်**<br>ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) နှင့် NLD ပါတီတို့ ပူးပေါင်းပြီး အစိုးရဖွဲ့မည်ကိုစိုးရိမ်၍ ရှမ်းပြည်နယ်မြို့နယ်လေးမြို့နယ်လေးခု၌ ရွေးကောက်ပွဲ မကျင်းပခြင်းဖြစ်နိုင်ကြောင်း SNLD ပါတီ ဥက္ကဋ္ဌဦးခွန်ထွန်းဦးက အောက်တိုဘာ ၂၈ ရက်နေ့က သုံးသပ်ပြောကြားသည်။ ရှမ်းပြည်နယ်အတွင်း မိုင်းရှူး၊ ကျေးသီး၊ တန့်ယန်းနှင့် ဟိုပန်မြို့များတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲ မကျင်းပနိုင်တော့ကြောင်း ကော်မရှင်က အောက်တိုဘာ ၂၇ ရက်နေ့က ကြေညာခဲ့ထုတ်ပြန်ခဲ့ပြီး ယင်းကို ကန့်ကွက်ကြောင်း SNLD က ယင်းနေ့တွင်ပင် ကြေညာချက်တစ်စောင်ထုတ် |

| | | | | |
|---|---|---|---|---|
| | | | | ပြန်ခဲ့သည်။ ဒေသခံပြည်သူလူထု၏ ဆန္ဒအမှန်ကို ကွင်းဆင်းလေ့လာစစ်တမ်းကောက်ယူခြင်းမပြုဘဲ ခိုင်လုံမှုမရှိသည့် အကြောင်းပြချက်ဖြင့် တစ်ဖက်သတ်လုပ်ဆောင်လိုက်သည့် ကော်မရှင်၏ ကြေညာချက်ကိုကန့်ကွက်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ |
| ၁၅ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (27) | ပါတီ | **ဒီချုပ်ကိုယ်စားလှယ်လောင်းများ နိုဝင်ဘာ ၃ ရက်တွင် ဟသ်ာတလူထုနှင့် ပထမဆုံးတွေ့မည်**<br>ပြည်ခိုင်ဖြိုးပါတီမှ ဦးဒွေးဦး ဝင်ပြိုင်မည့် ဟသ်ာတမြို့နယ်တွင် NLD ပါတီမှ ကိုယ်စားလှယ်လောင်းများ နိုဝင်ဘာ ၃ ရက်တွင်ပထမဆုံးအကြိမ် လူထုတွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ဟသ်ာတမြို့နယ်အတွင်း ဒီချုပ်နှင့် ပြည်ခိုင်ဖြိုးပါတီတို့သည် ကိုယ်စားလှယ်လောင်း လေးဦးစီဖြင့် မဲဆန္ဒနယ်လေးခုစလုံးတွင် ဝင်ပြိုင်မည်ဖြစ်ပြီး ဒီချုပ်ပါတီ ကိုယ်စားလှယ်လောင်းများ မိတ်ဆက်ပွဲကို ရွေးကောက်ပွဲကျင်းပရန် လေးရက်အလို နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်မည်ဟု ဟသ်ာတမြို့နယ် ဒီချုပ်ပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ရီကပြောသည်။ ဟသ်ာတမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၂၄ အုပ်စု၊ မဲရုံ ၂၈၃ ရုံရှိကာ မဲဆန္ဒရှင် ၂၆၀၀၀၀ ကျော်ရှိသည်ဟု ဟသ်ာတမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ သိရသည်။<br>အောင်သစ်လွင် |
| ၁၆ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (12) | ပါတီ | **ရန်ပုံငွေနည်း၍ မဲဆွယ်စည်းရုံးခြင်းကို အင်အားကြီးပါတီများကဲ့သို့ မပြုလုပ်နိုင်ဟု ဒိုင်းနက် အမျိုးသားတိုးတက်ရေးပါတီ ပြော**<br>မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံရေးပါတီများအနက် နောက်ဆုံးမှတ်ပုံတင်ခွင့်ရရှိထားသည့် ဒိုင်းနက် အမျိုးသားတိုးတက်ရေးပါတီမှ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် ရန်ပုံငွေအားနည်းသည့်အတွက် အင်အားကြီး ပါတီများကဲ့သို့ မပြုလုပ်နိုင်ဖြစ်နေကြောင်းသိရသည်။ ဒိုင်းနက် အမျိုးသားတိုးတက်ရေးပါတီတွင် ပါတီဝင်ဦးရေ ၇၀၀ ခန့်သာရှိပြီး လာမည့်ရွေးကောက်ပွဲတွင် မောင်တော မြို့နယ်မဲဆန္ဒနယ်မှာ အမျိုးသားလွှတ်တော်တွင် တစ်နေရာ၊ ပြည်နယ်လွှတ်တော်တွင် တစ်နေရာနှင့်ဘူးသီးတောင်မြို့နယ်မှ ပြည်နယ်လွှတ်တော်တွင် တစ်နေရာ၊ စုစုပေါင်း သုံးနေရာ တစ်နိုင်ငံလုံးတွင် သုံးနေရာသာ ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည်။<br>မောင်ကံ |
| ၁၇ | ၂၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၆) p (9) | ပါတီ | **KUDP ပါတီတံဆိပ် ကတ်ပြားများဖြင့် ဘားအံတွင် မဲဆွယ်**<br>KUDP ပါတီမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဝင်းမြင့်ကျော်က ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအပြီး ဝန်ကြီးဖြစ်ပါက တွေ့ဆုံခွင့်မပေးမည့် KUDP ပါတီ တံဆိပ်ပါသော |

| | | | | |
|---|---|---|---|---|
| | | | | ကတ်ပြားများဖြင့်ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်း မဲဆွယ် စည်းရုံးနေကြောင်း သိရသည်။ KUDP ၏ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) ဘားအံမြို့နယ်မှ ယှဉ်ပြိုင်မည့် ကိုယ်စား လှယ်လောင်း ဦးဝင်းမြင့်ကျော်၏ အောက်တိုဘာ ၂၆ ရက် ဘား အံမြို့နယ် သာမည မဲဆွယ်စည်းရုံးရေးခရီးစဉ်တွင် ၄င်းဝန်ကြီးဖြစ် ပါက တွေ့ဆုံခွင့်ပေးမည့် ကတ်ပြားဟုဆိုကာ ဒေသခံများအား ဝေပေးခဲ့သည်။ ယင်းပါတီမှ လာမည့်ရွေးကောက်ပွဲတွင် ကရင် ပြည်နယ်အတွင်း ဘားအံမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)၊ (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ဘားအံမြို့နယ်မှ ဗမာ တိုင်းရင်းသားရေး လူမျိုးစု ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ငါးဦး ယှဉ်ပြိုင်မည်ဖြစ်သည်။<br>ပီတီတီ (မြစ်မခ) |
| ၁၈ | ၂၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၆) p (3) | ငြိမ်းချမ်းရေး | **အပစ်ရပ်စာချုပ် နောက်ဆက်တွဲကိစ္စကို အစိုးရနှင့် တိုင်းရင်းသား အဖွဲ့ ရှစ်ဖွဲ့ ယနေ့ (အောက်တိုဘာ ၁၉ ရက်) စတင်ဆွေးနွေး**<br>အပစ်ရပ်စာချုပ် ချုပ်ဆိုထားသော တိုင်းရင်းသားလက် နက်ကိုင် ရှစ်ဖွဲ့နှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီတို့ကြား NCA ၏ Joint (ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့် ကြည့်ရေး ကော်မတီ-JMC) အစည်းအဝေးကို ယနေ့ (အောက်တို ဘာ ၂၉ ရက်) တွင် MPC ၌ ကျင်းပခဲ့သည်။ JMC အစည်းအဝေး သည် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့တို့အကြား ပူး တွဲဖွဲ့စည်းထားသော အဖွဲ့၏အစည်းအဝေးဖြစ်ပြီး ယနေ့မှစ၍ သုံးရက်ကြာ ဆက်တိုက်ဆွေးနွေးမည်ဖြစ်သည်။ အပစ်ရပ်လက် မှတ် မရေးထိုးရသေးသော အဖွဲ့များကလည်း နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ "ဝ" ပြည် သွေးစည်းညီညွတ်ရေးတပ်မတော် UWSA ထိန်းချုပ်နယ်မြေဖြစ်သော ပန်ခမ်းမြို့တွင် ညီလာခံတစ်ရပ် ပြုလုပ် ရန်ရှိနေကြောင်းပြောသည်။ ယင်းအစည်းအဝေးသို့ အစိုးရဘက်မှ မည်သူ့ကိုမှ အသိပေးဖိတ်ကြားထားခြင်းမရှိသေးကြောင်း ညီလာ ခံတွင် အစိုးရသစ်လက်ထက်မှသာ လက်မှတ်ရေးထိုးရေးကိစ္စကို စဉ်းစားကြမည်ဖြစ်သည့်အတွက် အစိုးရသစ်နှင့် မည်သည့်ညှိနှိုင်း မှုများဖြင့် ငြိမ်းချမ်းရေးမူဘောင် ရှေ့ဆက်သွားမည်ဆိုသည်ကို အဓိကထား ဆွေးနွေးမည်ဟု သိရသည်။<br>IRIS |
| ၁၉ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (1,2) | ငြိမ်းချမ်းရေး | **ရှမ်းတောင်ပိုင်းမြို့နယ်အချို့ ရွေးကောက်ပွဲမကျင်းပဟု ကြေညာ ပြီး နောက်တစ်နေ့တွင် တိုက်ပွဲပိုမိုပြင်းထန်**<br>ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်အချို့တွင် ရွေးကောက် ပွဲမကျင်းပတော့ဟု ကြေညာပြီး နောက်နေ့တွင် မိုင်းရှူးနှင့် ကျေး သီးမြို့နယ်တို့တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး ရွေးကောက်ပွဲ ကော်မရှင်၏ ကြေညာချက်ကို SNLD နှင့် ဒေသခံများက ကန့် |

| | | | | |
|---|---|---|---|---|
| | | | | ကွက်နေကြသည်။ SNLD အထွေထွေ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်က ၄င်းတို့ပါတီနိုင်ရန် သေချာနေသည့် မဲဆန္ဒနယ်များကို တမင်အကြောင်းပြပြီး ရွေးကောက်ပွဲမပြုလုပ်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်းပြောသည်။ အမှန်တကယ်တိုက်ပွဲဖြစ်သည့်နေရာမှာ မိုင်းရှူးနှင့် ကျေးသီးမြို့နယ် အစွန်အဖျားနေရာသာဖြစ်ပြီး မြို့နယ်နှစ်ခုစလုံး ရွေးကောက်ပွဲ မကျင်းပတော့ခြင်းသည် SNLD ပါတီ အနိုင်ရသည့်ဒေသများကို တမင်ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်ထားခြင်းဖြစ်သည်ဟု စိုးလွယ်ခမ်းကပြောသည်။ မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPP/SSA တို့တိုက်ပွဲသည် အောက်တိုဘာ ၂၈ ရက်တွင် ပြင်းထန်လာပြီး မိုင်းရှူး မြို့ကထဲသို့ ရောက်ရှိလာသည်ဟု သတင်းကြားနေရ၍ ဒေသခံများ အန္တရာယ်မဖြစ်စေရန် ယင်းအခြေအနေကို ကန့်ကွက်မည်ဟု ရှမ်းလူမှုရေးအဖွဲ့အစည်းများထံမှ သိရသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးနစ်ဆန်းဦးက တန့်ယန်းမြို့နယ် ကျေးရွာအုပ်စု ရှစ်အုပ်စုသည် SSA ဝမ်ဟိုင်းဌာနချုပ်နှင့် နီးကပ်သောကြောင့်ဖြစ်ပြီး ဟိုပန်မှာ "ဝ" ဒေသဖြစ်သောကြောင့် လုံခြုံရေးအခြေအနေအရ မကျင်းပနိုင်တော့ခြင်းဖြစ်ကြောင်းရှင်းပြသည်။<br>အောင်သစ်လွင်၊ အိမ့်မွန်ဖြူ |
| ၂၀ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (7) | ငြိမ်းချမ်းရေး | **ရှမ်း/တောင် လူငယ်ကွန်ရက် စစ်ပွဲများ ရပ်ဆိုင်းရန ကမ်ပိန်းပြု လုပ်**<br>ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် လက်ရှိဖြစ်ပွားနေသည့်တိုက်ပွဲများ ရပ်ဆိုင်းပေးရန် တောင်ကြီးမြို့ရှိ ရှမ်း/တောင် လူငယ်ကွန်ရက်က အောက်တိုဘာ ၂၈ ရက်တွင် ကမ်ပိန်းပြုလုပ်တောင်းဆိုခဲ့သည်။ တောင်ကြီးမြို့ စုဌာမုနိဘုရားရင်ပြင်တွင် စစ်ပွဲများရပ်ဆိုင်းရန် အကြောင်းအရာများ ရေးသားထားသည့် လက်ကမ်းစာစောင်များကို ပြည်သူလူထုထံသို့ ဝေမျှပေးခြင်း၊ ငြိမ်းချမ်းရေးတေးသီချင်းများ သီဆိုခြင်းတို့ကို ရှမ်း/တောင် လူငယ်ကွန်ရက် အဖွဲ့ဝင် ၅၀ ခန့်က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်ဟု လူငယ် စိုင်းသောင်းထွဋ်စိုးကပြောသည်။ စုဌာမုနိစေတီတော်ရင်ပြင်တွင် ရှမ်းတောင် လူငယ်ကွန်ရက်အဖွဲ့ လူငယ်များက စစ်ဘေးဒုက္ခရောက်နေကြသည့် ပြည်သူများအတွက် ဆုတောင်းမေတ္တာပို့ခဲ့ကြပြီး စစ်ဘေးရှောင်ပြည် သူများအတွက် သီချင်းဆိုအလှူခံပေးမည်ဖြစ်ကာ ရရှိလာသည့် အလှူငွေများကို ရှမ်းလူငယ်အဖွဲ့အစည်း မှတစ်ဆင့် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း ရှမ်းလူငယ်အဖွဲ့အစည်းမှ ခွန်ခေတ်စံက ပြောသည်။<br>ဂျွန်ချစ်ငြိမ်း |

| | | | | |
|---|---|---|---|---|
| ၂၁ | ၂၉.၁၀.၁၅ | Daily Eleven<br>Pg (2, 3) | ငြိမ်းချမ်းရေး | **NCA လက်မှတ်ရေးထိုးအပြီး လုပ်ဆောင်ရမည့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်းကိစ္စ သတ်မှတ်ချိန်အတိုင်း အကောင်အထည်ဖော်နိုင်ရန် မသေချာ**<br>NCA လက်မှတ်ရေးထိုးအပြီး ရက်ပေါင်း ၆၀ အတွင်းလုပ်ဆောင်ရမည့် နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ရေးဆွဲခြင်းကိစ္စကို သတ်မှတ်အချိန်အတိုင်း အကောင်အထည်ဖော်နိုင်ရန် လက်ရှိအနေအထားများအရ သေချာမှုမရှိသေးဟုသိရသည်။ မူဘောင်အား အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ပူးပေါင်းရေးဆွဲရမည်ဖြစ်သော်လည်း နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် အာရုံစိုက်ဆောင်ရွက်နေရသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင် ၂၁ ဖွဲ့အနက် ၁၃ ဖွဲ့မှာလည်း NCA ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသောကြောင့် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်အား သတ်မှတ်ချိန်အတွင်း အကောင်အထည်ဖော်ရန် အခက်အခဲများဖြစ်ပေါ်နေသည်။ PNLO ဥက္ကဋ္ဌ ဦးခွန်မြင့်ထွန်းကလည်း ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင် ပြီးစီးအောင် ရေးဆွဲနိုင်ခြင်းရှိ မရှိပြောဆိုရန် အခက်အခဲရှိကြောင်း၊ နိုဝင်ဘာ ပထမပတ်အတွင်း ချင်းမိုင်တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များ၏ ဆွေးနွေးပွဲပြုလုပ်ရန်ရှိပြီး ယင်းဆွေးနွေးပွဲတွင် မူဘောင်ကိစ္စအား အဓိကထားဆွေးနွေးသွားမည်ဖြစ်ကာ အဆင်ပြေပါက အစိုးရနှင့်ဆက်လက်ညှိနှိုင်းမည်ဟု ပြောကြားသည်။<br>အောင်ဇော်ထွန်း |
| ၂၂ | ၂၉.၁၀.၁၅ | စံတော်ချိန်<br>အတွဲ(၃)<br>အမှတ် (၉၁၈)<br>Pg (3) | ငြိမ်းချမ်းရေး | **ပန်ဆန်းညီလာခံရလဒ် ထွက်ပေါ်လာပါကလည်း အစိုးရ၏လုပ်ငန်းစဉ်အတိုင်းသာ လုပ်ဆောင်မည်**<br>'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ထိန်းချုပ်နယ်မြေဖြစ်သည့် ပန်ဆန်းတွင် နိုဝင်ဘာလဆန်းတွင်ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အစည်းအဝေးရလဒ် မည်သို့ပင်ထွက်ပေါ်လာစေကာမူ အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတိုင်းသာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း MPC မှ အကြီးတန်းအကြံပေးအရာရှိ ဦးလှမောင်ရွှေက အောက်တိုဘာ ၂၈ ရက်နေ့က ပြောသည်။ ပန်ဆန်းအစည်းအဝေးနှင့် ပတ်သက်၍လည်း အစိုးရအား အသိပေးခြင်းနှင့် ဖိတ်ကြားထားခြင်းမရှိဟုလည်း ဦးလှမောင်ရွှေကပြောသည်။ အစည်းအဝေးအား နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး NCA တွင် လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။<br>ဇေယျာမော်၊ ကောင်းထက် |

| | | | | |
|---|---|---|---|---|
| ၂၃ | ၂၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၁၆) p (9) | Other | **နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးကျောင်းသားနှင့် ဝန်းရံပြည်သူသုံးဦး ဒုတိယအကြိမ် အစာငတ်ခံ ဆန္ဒထုတ်ဖော်**<br>ဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေးအတွက် သာယာဝတီ အကျဉ်းထောင်တွင်း ကျောင်းသားနှင့် ဝန်းရံပြည်သူသုံးဦးက အောက်တိုဘာ ၂၈ ရက်တွင် ဒုတိယအကြိမ် အစာငတ်ခံ ဆန္ဒထုတ်ဖော်ခဲ့သည်။ ဆန္ဒထုတ်ဖော်မှုကို ကျောင်းသားနှင့် ဝန်းရံပြည်သူများဖြစ်သည့် ကိုသန်းထိုက်၊ ကိုမျိုးထက်ပိုင်နှင့် ကိုမျိုးမြတ်စံတို့သုံးဦးက ပြုလုပ်ခြင်းဖြစ်ကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂမှ ကိုအောင်နေပိုင်က ပြောသည်။ ဖမ်းဆီးခံကျောင်းသားများနှင့် ဝန်းရံပြည်သူများအနက် တရားစီရင်ရေးကို အယုံအကြည်မရှိဟုဆိုကာ အောက်တိုဘာ ၂၇ ရက်ကပြုလုပ်သည့် ၂၃ ကြိမ်မြောက် ရုံးချိန်းတွင် ဗကသ ကျောင်းသားများဖြစ်သည့် ကိုသန်းထိုက်၊ ကိုမန်နော်၊ ကိုဆွေလင်းထွန်း၊ ကိုမျိုးထက်ပိုင်၊ ကိုခန့်အောင်တို့ငါးဦးနှင့် ဝန်းရံပြည်သူ ကိုမျိုးမြတ်စံ၊ ကိုသိန်းနှင့် ကိုမြတ်စိုးဦးတို့ သုံးဦးက ရှေ့နေပါဝါ ရုပ်သိမ်းခဲ့ကြသည်။<br>ထက်အောင်ဖြိုး |
| ၂၄ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (3) | Other | **Doing Business ၏ စီးပွားရေးလုပ်ကိုင်ရန် လွယ်ကူမှု အဆင့် တွင် မြန်မာ ၁၀ ဆင့်တက်**<br>ကမ္ဘာ့ဘဏ်က ထုတ်ပြန်သော ၂၀၁၆ ခုနှစ်အတွက် Doing Business စစ်တမ်းတွင် စီးပွားရေးလုပ်ရန် အလွယ်ကူဆုံး အဆင့်သတ်မှတ်ချက်တွင် မြန်မာနိုင်ငံက ယခင်နှစ်ထက် အဆင့် ၁၀ ဆင့် တက်လာသော်လည်း အာဆီယံဒေသတွင်းနိုင်ငံများတွင် အောက်ဆုံးအဆင့်၌သာ ရပ်တည်နေဆဲဖြစ်သည်။ Doing Business စစ်တမ်းက စီးပွားရေးလုပ်ရန် အလွယ်ကူဆုံးအဆင့် သတ်မှတ်ချက်ကို နိုင်ငံပေါင်း ၈၉ နိုင်ငံ စာရင်းထုတ်ပြန်ရာ ၂၀၁၅ တွင် မြန်မာနိုင်ငံက အဆင့် ၁၇၇ ရှိပြီး ၂၀၁၆ တွင် အဆင့် ၁၆၇ သို့မြင့်တက်လာသည်။ Doing Business စစ်တမ်းတွင် စီးပွားရေးလုပ်ရန် အလွယ်ကူဆုံးနိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ပြီး အဆင့် (၁) တွင် ရပ်တည်နေသည်။ အာဆီယံတွင် စီးပွားရေးလုပ်ရန် အလွယ်ကူဆုံး ဒုတိယနိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး မဆင့် (၁၈) တွင် ရှိသည်။ ထိုင်းမှာလည်းအဆင့် (၄၉) တွင် ရပ်တည်သည်။ ဗီယက်နမ်က အဆင့် (၉၀)၊ ကမ္ဘောဒီးယားက (၁၂၇)၊ လာအိုနိုင်ငံက အဆင့် (၁၃၄) တွင် ရှိပြီး မြန်မာနိုင်ငံသည် အဆင့် အနိမ့်ဆုံးဖြစ်သည်။ ယခုလို အဆင့်တိုးမြင့်ခြင်းသည် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ရန် အဆက်ခံများလျော့နည်းသွားသည်ကို ဖော်ပြခြင်းဟု စီးပွားရေးပညာရှင် ဦးလှမောင်က ပြောသည်။<br>ပြည်သိမ်း |

| | | | | |
|---|---|---|---|---|
| ၂၅ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (5) | Other | **ဦးခွန်ဂျာလီနှင့် မချောစုထွန်းအမှုများနှင့် ပတ်သက်၍ ဗြိတိသျှသံ ရုံး သဘောထားထုတ်ပြန်**<br>တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဓာတ်ပုံကို ပြုပြင်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်တင်ခဲ့သည့် တရားစွဲဆိုခံထားရသူ ဦးခွန်ဂျာလီနှင့် မချောစန္ဒီထွန်းတို့အမှုကို စိတ်ဝင်တစား စောင့်ကြည့်နေပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုအပေါ် ပူပန်မှုကိုလည်း မြင့်တက်စေကြောင်း ဗြိတိသျှသံရုံးကို အောက်တိုဘာ ၂၈ ရက်တွင် ကြေညာသည်။ ကာကွယ်ရေးဦးစီးချုပ်၏ ဓာတ်ပုံအချို့ကိုပြုပြင်ကာ လူမှုကွန်ရက်စာမျက်နှာပေါ် ရေးသားဖြန့်ဝေ ခဲ့သည်ဟုဆိုကာ ဖမ်းဆီးအရေးယူနေခြင်းများအပေါ် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက အောက်တိုဘာ ၁၅ ရက် က ဝေဖန်ခဲ့ပြီး ထိုသူများကို ခြွင်းချက်မရှိ လွှတ်ပေးရန် အာဏာပိုင်များထံ တောင်းဆိုထားကြောင်း သိရသည်။ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ပြုလုပ်ခဲ့သည့် အောက်တိုဘာ ၁၅ ရက် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ သူရသတ္တိနှင့်ပြည့်စုံသော အမျိုးသမီးဆုရှင် ဒေါ်မေစံပယ်ဖြူ၏ခင်ပွန်း ပက်ထရစ်ခွန်ဂျာလီကို ၂၀၁၃ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲခဲ့သည့်အပေါ် စိတ်ပျက်မိကြောင်း ပြောဆိုခဲ့ပြီး မချောစန္ဒီကိုလည်း အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဖြင့် အရေးယူထားသည်ကို သိရှိထားကြောင်း ဂျွန်ကာဘီကပြောသည်။<br>ဖြိုးဝေလင်း |
| ၂၆ | ၂၉.၁၀.၁၅ | 7 Day Daily No (895) p (8) | Other | **နိုင်ကျဉ်းများလွတ်မြောက်ရေး အစာငတ်ခံဆန္ဒပြသော ကိုအောင်မှိုင်းဆန်းကို လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့များ ထောက်ခံ**<br>နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန် အကျဉ်းထောင်တွင် အစာငတ်ခံဆန္ဒပြသော ကိုအောင်မှိုင်းဆန်းကို လူ့အခွင့်အရေးလှုပ်ရှားမှု ဆောင်ရွက်နေသော အဖွဲ့ (၁၃) ဖွဲ့က ထောက်ခံခဲ့ပြီး ၎င်းနှင့်အတူ နိုင်ငံရေးအကျဉ်းသားများနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများကို လွှတ်ပေးရန် အောက်တိုဘာ ၂၇ ရက်က ကျင်းပသော လူ့အခွင့်အရေး ကာကွယ်သူများ ဖိုရမ်တွင် တောင်းဆိုလိုက်သည်။ လူ့အခွင့်အရေးကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖော်ထုတ်ခဲ့သူများကို အစိုးရက တရားလိုပြု၍ တရားစွဲဆိုထားသောအမှုများကို ပယ်ဖျက်ပေးရန် ယင်းအဖွဲ့များက တောင်းဆိုခဲ့သည်။ ငြိမ်းချမ်းစွာ လှုပ်ရှားနေသော တက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်သူများကို နည်းမျိုးစုံဖြင့် ဆက်လက်ဖိနှိပ်ခြင်း၊ အရေးယူဒဏ်ခတ်ခြင်းကို လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများဖြင့် ဖွဲ့စည်းထားသော အဖွဲ့ (၁၃) ဖွဲ့က ရှုတ်ချသည်။ တောင်းဆိုသည့်အဖွဲ့များမှာ Action Committee |

| | | | | |
|---|---|---|---|---|
| | | | | For Democracy and Development၊ National Congress၊ ရန်ကုန်လူငယ်များကွန်ရက်၊ အီကွယ်လတီမြန်မာ၊ Human Rights Educators ကွန်ရက်၊ မန်တီသဖွံ့ဖြိုးရေးကျောင်း၊ ပြင်ဦးလွင် အစိမ်းရောင်အဖွဲ့၊ စမိုင်းပညာရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ ဂျန်နရေးရှင်းဝေ့ဗ်၊ မြန်မာနိုင်ငံဆိုင်ရာ ဒီမိုကရေစီအဖွဲ့၊ Genuine People Servant၊ ရခိုင်အမျိုးသမီးများ ငြိမ်းချမ်းရေးကွန်ရက် Civil Rights Defenders အဖွဲ့တို့က တောင်းဆိုခြင်းဖြစ်သည်။<br>အိမြူမွန် |
| ၂၇ | ၂၉.၁၀.၁၅ | DEMOCRACY Today အတွဲ (၂) အမှတ် (၂၉၂) Pg (2) | Other | **အယ်လ်ဂျားဇီးရား၏ ဘာသာရေးဆိုင်ရာ အထင်အမြင်လွဲမှားအောင်ပြုလုပ်ခြင်းအတွက် သတင်းဌာနနှင့် Facebook ကို ကန့်ကွက်သွားမည်ဟု နိုင်ငံတော်သမ္မတရုံး အဆင့်မြင့်အရာရှိကြီးတစ်ဦးပြော**<br>ရခိုင်ပြည်နယ်တွင် လူမျိုးတုံးသတ်ဖြတ်မှုများကို မြန်မာတပ်မတော်နှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဆိုသည့် အယ်လ်ဂျားဇီးရား သတင်းဌာန၏ အောက်တိုဘာ ၂၈ ရက်က ဖော်ပြခဲ့သည့် သတင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအပေါ်၊ ဗုဒ္ဓဘာသာအပေါ် ကမ္ဘာတစ်ဝန်းက အထင်အမြင်လွဲမှားအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသကဲ့သို့ဖြစ်နေသောကြောင့် ယင်းကို ကန့်ကွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားလိုက်သည်။ အယ်လ်ဂျားဇီးယားသတင်းဌာနက အဆိုပါသတင်းကို ရေးသားခဲ့ခြင်းဖြစ်ပြီး ဖေ့ဘွတ်စာမျက်နှာတွင်လည်း Partners in Genocide? ခေါင်းစဉ်ဖြင့် New evidence of collaboration between Myanmar's army and Buddhist monks in the genocide of Rohinga muslims ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများမှာ တည်ငြိမ်စပြုနေပြီဖြစ်ပြီး ယင်းကို မတည်မငြိမ်ဖြစ်ပွားလာအောင် ရည်ရွက်ချက်ရှိရှိ လုပ်ဆောင်နေသည်ဟု သံသယဖြစ်မိကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအပေါ် ကမ္ဘာတစ်ဝန်းက အထင်အမြင်လွဲမှားမှုဖြစ်အောင် လုပ်ဆောင်သလိုဖြစ်နေကြောင်း အဆိုပါအရာရှိကြီးကပြောသည်။<br>DT |

**ONLINE NEWS**

## U THEIN SEIN

### ပြောင်းလဲချိန်တန်ပြီဆိုတာ ဘာကို ပြောတာလဲဟု သမ္မတ ဦးသိန်းစိန် မေး

29.10.2015

သမ္မတ ဦးသိန်းစိန်သည် ငပုတောမြို့၊ဥသျှစ်ကွင်းကျေးရွာသို့အောက်တိုဘာလ၂၉ရက်နေ့က ရောက်ရှိစဉ် ဒီမိုကရေစီစနစ်အပြောင်းအလဲကိုသူ၏အစိုးရကစတင်ခဲ့ပြီးနောက်ထပ်ဘာများပြောင်းလဲလိုသေးသနည်း၊ပြောင်းလဲချိန်တန်ပြီဆိုတာဘာကို ဆိုလိုသလဲဟုဒေသခံများကိုမေးခွန်းထုတ်ခဲ့ သည်။စနစ်ဟောင်းတစ်ခုမှစနစ်သစ်တစ်ခုကူးပြောင်းရသည်မှာ အခက်အခဲများကြောင်း မြန်မာနိုင်ငံနှင့် တစ်ချိန်ထဲ ဒီမိုကရေစီ စနစ် ကူးပြောင်းသည့် နိုင်ငံ အများကြီးရှိပြီးအာရပ်နိုင်ငံ၊မူဆလင် နိုင်ငံများ အများကြီးရှိရာတွင် ယနေ့အထိ ဒီမိုကရေစီစနစ် မပြောင်းနိုင်ဘဲ နေ့စဉ်နှင့် အမျှ တိုက်ပွဲများဖြစ်နေသည်ဟုလည်း သမ္မတ မှ ပြောဆိုခဲ့သည်။အစိုးရမှတလှမ်းချင်းသတိထားပြောင်းလဲနိုင်ခဲ့သည့် အတွက်ကြောင့်ယခုဒီမိုကရေစီစနစ်အား သွေးထွက်သံယိုမရှိဘဲ ပြောင်းလဲလာနိုင်ခဲ့သဖြင့်ပြုပြင်ပြောင်းလဲမှု၊ပြောင်းလဲဖို့အချိန်တန်ပြီဆိုသည်မှာ  တကယ်တော့ ဒီမိုကရေစီ စနစ်  ပြောင်းလဲပါပြီ ဟုလည်း ပြောဆိုခဲ့သည်။စည်သူမောင်မောင်

http://mizzimaburmese.com/article/6695#sthash.qR2M63Nv.dpuf

## PEACE/ARM CONFLICT

### ပြည်ခိုင်ဖြိုးပါတီက ထာဝရငြိမ်းချမ်းရေးအလေးထားမည်ဟု ဦးလှဌေးဝင်းပြော

29.20.2015

ပြည်ခိုင်ဖြိုး မှဒီမိုကရေစီအသွင်ကူးပြောင်းရေး ရင့်ကျက်ခိုင်မာစေရန်နှင့် ထာဝရငြိမ်းချမ်းရေးရရှိစေရန်အလေးထားဆောင်ရွက်သွားမည်၊ဒီမိုကရေစီအသွင်ကူးပြောင်းရေးအားရင့်ကျက်ခိုင်မာရေးကို ပြည်သူများ နှင့်  ပူးပေါင်း ဆောင်ရွက်သွားရန် သန္နိဌာန်ချထားကြောင်း ဗိုလ်ချုပ်ကြီးဟောင်း ဦးလှဌေးဝင်းက ပြည်ခိုင်ဖြိုးပါတီ၏   အောက်တိုဘာလ (၂၈) ရက် သီတင်းကျွတ် မီးပုံပျံ လွှင့်တင်ခြင်းအခမ်းနား၌ပြောကြားခြင်းဖြစ်သည်။ဖွံ့ဖြိုးတိုက်တက်သည့်ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းပေါ်ပေါက်လာစေရန်အရေးကြီးသည့်ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအမြန်ဖြစ်ပေါ်လာစေရန် အထိမ်းအမှတ်အနေဖြင့် တိုင်းရင်းသားရိုးရာမီးပုံးပျံပွဲ ကျင်းပခဲ့ခြင်းကြောင်း ဦးလှဌေးဝင်းမှ ပြောကြားသွားသည်။အခမ်းအနား၌ ရှမ်းတိုင်းရင်းသားဂတ်စုံ ဂတ်ဆင်ထားသည့်လူငယ်များ ပြည်ခိုင်ဖြိုး ပါတီ တံဆိပ်ပါသည့် မီးပုံပျံကို လွှင့်တင့်ခဲ့သည်။

http://mizzimaburmese.com/article/6679#sthash.qJGC9uCe.dpuf

### အစိုးရ စစ်တပ် သိမ်းယူထားသည့် တောင်ကုန်းအား SSPP/SSA ပြန်လည်သိမ်းယူ

29.10.2015

SSPP/SSA သျှမ်းပြည်တပ်မတော်နှင့် အစိုးရ စစ်တပ်တို့အကြား မိုင်းရှူးမြို့ နယ် မိန်းအက် ဒေသတွင် ယခုလ ၂၇ ရက်နေ့တွင် တိုက်ပွဲများပြင်း ထန်စွာဖြစ်ပွားခဲ့ပြီး အစိုးရစစ်တပ် မှသိမ်းယူထားသော တပ်စခန်းတခုအားသျှမ်းပြည်တပ်မတော်မှပြန်လည် သိမ်းယူနိုင်ခဲ့ကြောင် သျှမ်းပြည်တပ်မတော် မြောက်ပိုင်းမှ ပြောခွင့်ရဗိုလ်မှူးကြီး စိုင်းလ၂၈

ရက်နေ့တွင် ပြော သည်။ ပြည်ထောင်စုအဆင့် အပစ်ခတ် ရပ်စဲထားသည့် သျှမ်းပြည်တပ်မတော် မြောက် ပိုင်းနှင့် အစိုးရစစ်တပ်အကြားတိုက်ပွဲများပြန်လည်ဖြစ်ပွားနေသည်မှာတလနီးပါးခန့်ကြာမြင့်ပြီဖြစ်ပြီးNCAလက်မှတ်ရေးထိုး ရာတွင်လည်း အားလုံးပါဝင် လက်မှတ်ရေးထိုးမှ လက်မှတ်ရေးထိုးမည်ဟု SSPP/SSA က ဆိုသဖြင့် အစိုးရ တပ်မှ ရမယ်ရှာတိုက်ခိုက်နေခြင်း ဖြစ်ကြောင်း သျှမ်းပြည်တပ်မတော် ကပြောဆိုသည်။သျှမ်းသံတော်ဆင့်/ စိုင်းထွန်းအောင်လွင်

Panglong(Burmese) Facebook

## SSPP/SSA ဌာနချုပ်ရှိသည့် ဝမ်ဟိုင်းကျေးရွာ လက်နက်ကြီးများနှင့် ပစ်ခတ်ခံရ

29.10.2015

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ်အတွင်းရှိ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း အဖွဲ့ (SSPP/SSA)ဌာန ချုပ်ရှိသော ဝမ်ဟိုင်းကျေးရွာသည်ယမန်နေ့ည သန်းခေါင်အချိန် ၁၂ နာရီခွဲခန့်တွင်လက်နက်ကြီး များနှင့် ပစ်ခတ်ခံခဲ့ရသည်။လက်နက်ကြီးပစ်ခတ်မှု သည်အစိုးရတပ်မတော်မှ ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း၊ လူထိခိုက်မှု မရှိသော်လည်း ဝမ်ဟိုင်းကျေးရွာရှိ ဒေသခံ တဦး၏ နေအိမ်ကို လက်နက်ကြီး ထိမှန်ခဲ့ပြီး နေအိမ်နှင့် ကားပျက်စီးသွားကြောင်း၊ ဝမ်ဟိုင်းကျေးရွာမှ ဒေသခံများ ကြောက် လန့်၍ ထွက်ပြေး တိမ်းရှောင် နေကြ ကြောင်း SSPP/SSA ပြောခွင့်ရပုဂ္ဂိုလ် ဒုဗိုလ်မှူးကြီး စိုင်းလ ရောဝတီကိုပြော သည်။ အရေးပါသည့် တောင်ကုန်း(ကုန်လင်) အားပြန်လည်သိမ်းပိုက် နိုင်ခဲ့ သည်ကို မကျေနပ် သဖြင့် ပြန်လည် ပစ်သည်ဟု ထင်ကြောင်း လူထိခိုက်မှု မရှိ ဟု ဒုဗိုလ်မှူးကြီး စိုင်းလက ပြောပြသည်။အစိုးရ တပ်မတော်နှင့် SSPP/SSAတို့အကြား အောက်တိုဘာ ၆ ရက်မှစတင်၍ ယနေ့အထိ တိုက်ပွဲများ ပြန်လည်ပြင်းထန်နေသည်။ SSPP ဌာနချုပ်ဂမ့်ဟိုင်းအား ဖုံးကြဲမည်ဆိုသော ကောလာဟလကြောင့် ဒေသခံများ မနေရဲတော့ဘဲ ထွက်ပြေးနေကြရသည်။ နန်းဆိုင်နွမ်

http://mobile.irrawaddy.org/news/2015/10/29/98150.html

http://goo.gl/sE42y6

**MA BA THA**

## မွတ်ဆလင်များမှာမြန်မာနိုင်ငံကို ညစ်ညမ်းစေသည်ဟုဦးဂီရသူက60Minutes အင်တာဗျူ းတွင် ဖြေကြား

28.10.2015

အမေရိကန်တွင် လူကြည့်အများဆုံး အင်တာဗျူးအစီအစဉ် တစ်ခု ဖြစ်သည့် 60 Minutesမှအစီအစဉ်တင်ဆက်သူ Bill Whitaker သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး နိုင်ငံရေး လူမှုရေး ဘာသာရေးနယ်ပယ်မှာ ပုဂ္ဂိုလ် အချို့ဖြင့် တွေ့ဆုံ မေးမြန်း ခဲ့သည် များကိုစုစည်းပြီး The NEW Burma ခေါင်းစဉ်ဖြင့် ယခုလ ၂၅ CBS သတင်း အစီအစဉ်မှ ထုတ်လွှင့် ပြသခဲ့ရာ မ.ဘ.သ ဆရာတော် ဦးဂီရသူမှ ၎င်းနေဖြင့် အစွန်းရောက် ဆိုသည့် စကားလုံးကို ဂုဏ်ယူစွာ လက်ခံပြီး ဒလိုင်းလားမားအား နိုင်ငံရေးအာဏာ ပွဲစားဖြစ်သောကြောင့် မလေးစားပါဟုပြောသည်။ မွတ်ဆလင်များ အတွက် မြန်မာနိုင်ငံတွင် နေရာရှိပါသလား ဆိုသည့် မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် ဦးဂီရသူ၏ ပြန်လည် တုံ့ပြန်ပုံမှာ လွန်စွာကြမ်းတမ်း သဖြင့် CBS သတင်းဌာနအနေဖြင့် ပြန်လည်ဖော်ပြခြင်း မပြုကြောင်း Bill Whitaker မှရေးသားထားသည်။ဦးဂီရသူမှမွတ်ဆလင်များမှာမြန်မာနိုင်ငံကို ညစ်ညမ်းစေသည်ဟုဆိုပြီးပြောကြားမှုကိုအထင် အရှားတွေ့မြင်ရသည်။၎င်းမှဆက်လက်မိန့်ရာတွင် မွတ်ဆလင်များသည် တစ်နိုင်ငံလုံးကို လွှမ်းမိုး ချင်နေသည်သာ

မက တစ်ကမ္ဘာလုံး အစ္စလာမ်ဘာသာပြောင်းမှ ကျေနပ်ကြ မည်ဟုမိန့်သည်။ ဒေါ်အောင်ဆန်းစုကြည်အား လည်း အမျိုးသားရေးနှင့် နိုင်ငံ လုံခြုံရေးအရ လုံး၀ အသုံးမကျ ပါဟု ဝေဖန်ထားသည်။CBS News
The Ladies News Journal https://m.facebook.com/story.php…

## ELECTION

## ရွေးကောက်ပွဲမကျင်းပရန် ကော်မရှင်တစ်ခုတည်းက ဆုံးဖြတ်ခြင်းမဟုတ်ဟု ထုတ်ဖော်ပြောဆို

မဇ္ဈိမ
29.10.2015

မိုင်းရှူးမြို့နယ်၊ ကျေးသီးမြို့နယ်နှင့် နယ်မြေအချို့အား ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် နယ်မြေများအဖြစ် ထုတ်ပြန် ခဲ့ခြင်း သည် ကော်မရှင် တစ်ခုတည်း ကဆုံးဖြတ် ခဲ့ခြင်း မဟုတ် ကြောင်းပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် UEC ဥက္ကဋ္ဌ ဦးတင်အေး အောက်တိုဘာ ၂၉ တွင် ပြောသည်။ နေပြည်တော် UEC ရုံး၌ ရွေးကောက် ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းအစည်းအဝေးသို့ တက်ရောက်လာသူ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၇ ခုမှ တာဝန်ခံများရှေ့တွင် ပြောကြားခြင်းဖြစ်သည်။

http://mizzimaburmese.com/article/6703#sthash.y57TyVvr.dpuf

## ကြံ့ခိုင်ရေးနေရာ ဖယ်ပေးရန်မရှိဟု ရထားဝန်ကြီးဟောင်း ဦးသန်းဌေး ပြော

29.10.2015
ပြည်ခိုင်ဖြိုးအနေဖြင့်နိုင်ငံနှင့်လူမျိုးအတွက်အလုပ်မလုပ်နိုင်သောသူများအတွက်နေရာဖယ်ပေးမည်မဟုတ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဟောင်းနှင့် ကြံ့ခိုင်ရေးပါတီ၏ ဗဟိုအလုပ်အမှုဆောင် လည်းဖြစ်သူ ဦးသန်းဌေးက ပြော ဆိုလိုက်သည်။သာယာဝတီခရိုင်ဘောလုံးအားကစားကွင်းတွင်ယနေ့ ကျင်းပပြုလုပ်သောကြံ့ခိုင်ရေး ပါတီ၏ လူထု တွေ့ဆုံပွဲတွင်အထက်ပါအတိုင်းပြောဆိုလိုက်ခြင်းဖြစ်ပြီး ကြံ့ခိုင်ရေးပါတီထက် အလုပ်ပိုမို၍ မလုပ်နိုင်သောပါတီများ ကို နေရာဖယ်ပေးမည်မဟုတ်ကြောင်း၊ အပြောင်းအလဲ ဆိုင်းဘုတ်ထောင်ထားသူများကို နေရာဖယ်ပေးရန် မရှိဟု ဦးသန်းဌေးက ပြောဆိုခဲ့သည်။မိမိကိုယ်ကိုကိုယ်တိုင်းပြည်နှင့်လူထု အထင်ကြီးသော ခေါင်းဆောင် အဖြစ် မှတ်ယူ နေသူ များကို လည်း မရွေးချယ် ကြရန် လိုကြောင်း ၊ ထိုသို့သော သူမျိုးကို ရွေးချယ် ပါက မိမိ၏ သေတွင်း မိမိတူး သကဲ့သို့ ဖြစ်နေမည်ဖြစ်ကြောင်း၊မြန်မာနိုင်ငံတွင် သွေးထွက်သံယိုမရှိဘဲဒီမိုကရေစီအပြောင်းအလဲဖော်ဆောင်နိုင် ခြင်းမှာ သမ္မတဦးသိန်းစိန်၏ ဆောင်ရွက်ချက်ကြောင့် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောဆို သည်။ ကြံ့ခိုင်ရေး ပါတီသည်မြန်မာလူမျိုးကမ္ဘာ့မြေပုံမှမပျောက်စေရန်လုပ်ဆောင်နေကြောင်း ၊မျိုးစောင့် ဥပဒေသည် ကြံ့ခိုင်ရေး ၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်ကြောင်း၊မျိုးစောင့်ဥပဒေသည်ဘာသာရေးကိုနိုင်ငံရေးကို အသုံးချနေသည်ဟု ပြောဆို နေသူများသည်အောက်တန်းကျသူများဖြစ်ကြောင်း၎င်းကဆိုသည်။ ဦးသန်းဌေးသည် ကြံ့ခိုင်ရေး ပါတီကိုယ်စားပြု ၍မြန်အောင်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထက်ဦးကျော်

http://mobile.irrawaddy.org/election/news/

## ကုလလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မြန်မာအစီရင်ခံစာ တင်သွင်း

**29.10.2015**

မကြာမီကျင်းပမည့် ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စိုးရိမ်စရာ အခြေအနေများ ရှိနေသည့် အကြောင်း မြန်မာ နိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်က ပြောကြားပါ သည်။ လက်နက်ကိုင်ပဋိပက္ခများလူ့အခွင့်အရေး ပြဿနာများ စိန်ခေါ်မှုရှိနေသည့် အခြေအနေများအားအထူးကိုယ်စားလှယ် Yanghee Lee မှ ကုလသမဂ္ဂ ရုံးချုပ်တွင် ဗုဒ္ဓဟူးနေ့တွင် ကျင်းပခဲ့သည့် အထွေထွေညီလာခံ တတိယကော်မတီတွင် တင်ပြသွားခဲ့သည်။

by မနန္ဒာချမ်း

http://burmese.voanews.com/content/un-burma-human-rights-report/3027531.html

## မြန်မာလူ့အခွင့်အရေး အစီရင်ခံစာ ကိုယ်စားလှယ်များ တုံ့ပြန်

*29.10.2015*

ကုလသမဂ္ဂ အထူး စုံစမ်းစစ်ဆေးရေးမှူး Yanhee Lee အထွေထွေ ညီလာခံ တတိယ ကော်မတီတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ ဇန်နဂါရီလနှင့် ဩဂုတ်လ မြန်မာနိုင်ငံ ခရီးစဉ်အတွင်း တွေ့ရှိခဲ့သည့် စိုးရိမ် မကင်း ဖြစ်မှုများ အား တင်ပြခဲ့ရာမှာ မြန်မာကိုယ်စားလှယ် အဖွဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးကျော်တင့်မှအစီရင်ခံစာကိုဝေဖန်ခဲ့ပါသည်။ဦးကျော်တွင်မှပြောရာတွင်လွှပ်လပ်သည့်သီးခြားစုံစမ်းစစ်ဆေးရေးမှူး တဦးအနေဖြင့် ဘက်မလိုက်မျှတသည့် အစီရင်ခံစာများ အမြဲ ထုတ်ပြန်လိမ့်မည်ဟုအလေးအနက်မျှော်လင့်ခဲ့သော် လည်း မဖြစ်တဲ့အတွက် ဂမ်းနည်းမိကြောင်း၊ အစီရင်ခံစာတွင် မမှန်ကန်မှုများ၊လုပ်ကြံမှုများ၊အထင်လွဲမှားစေသည့် စွပ်စွဲချက်အများအပြားပါနေပြီးအပြုသဘောမဆောင်သည့်ရှုထောင့်မှရေးသားထားတာတွေ့ရကြောင်း ထောက်ပြခဲ့ ပါသည်။ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များနှင့် ဗြိတိန်သံအမတ်ကြီးမှ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍စိုးရိမ်မကင်းဖြစ်မှုများကိုတင်ပြခဲ့ပြီး တရုတ်ကိုယ်စားလှယ်မှ မြန်မာနိုင်ငံတွင်တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေး စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းအား ချီးကျူးထားပါသည်။အမေရိကန် ကိုယ်စားလှယ်မှ ရိုဟင်ဂျာ မူဆလင် များအား ခွဲခြားဆက်ဆံမှု ခံနေရသည့် အကြောင်း စိုးရိမ်မကင်း ထပ်လောင်းပြောခဲ့ပါသည်။EUကိုယ်စား ချက် ကိုယ်စားလှယ်မှ မြန်မာနိုင်ငံတိုးတက်မှုတွေကို ကြိုဆိုသော်လည်းယုံကြည်ချက်ကြောင့်အကျဉ်းကျနေကြသူ အားလုံး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်။အီရန်၊ ကျူးဘား၊ ရုရှား၊ မြောက်ကိုရီးယားနှင့်လာေနိုင်ငံမှကိုယ်စား လှယ်များမှ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးအထူး စုံစမ်းစစ်ဆေးရေးမှူးခန့်အပ်ပြီးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ကာ အထွေထွေညီလာခံ တတိယကော်မတီမှတင်ပြဆွေးနွေးသည်ထက် ဂျနီဗာရှိ လူ့အခွင့်အရေးကောင်စီတွင် ကျင်းပ သည့်UPR ခေါ် နိုင်ငံတကာပုံမှန်ပြန်လည်လေ့လာသုံးသပ်သည့် စနစ်အရ ဆွေးနွေးရန်လိုလားကြောင်းတိုက်တွန်း ခဲ့ကြသည် ။နိုဝင်ဘာလ ၉ ရက်တွင် လူ့အခွင့်အရေးကောင်စီ၏ UPR တွင် တင်ပြဆွေးနွေးရန်ရှိပါသည်။

by ဒေါ်လှလှသန်း

http://burmese.voanews.com/content/reacts-on-burma-hr-reports/3027558.html?nocache=1

## ဘိတ်ခရိုင် ကျေးရွာလေးများတွင် မသိနားမလည်သည့် ဒေသခံတိုင်းရင်းသားများ အား NLD နိုင်ရင် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာပြောင်းရမည်ဟု ခြိမ်းခြောက်နေ

29.10.2015

ဘိတ်ခရိုင် ကျွန်းစုမြို့နယ်မှ ကရင် ကျေးရွာလေးများ တွင် မသိနားမလည် သည့် ကရင် တိုင်းရင်းသား များအား NLD နိုင်ရင် ခရစ်ယာန်ဘာသာကနေ ဗုဒ္ဓဘာသာပြောင်းရမည်ဟု ခြိမ်းခြောက်နေကြပါ သည် NLD ကို မဲထည့်ရင် သေနတ်နှင့် ပစ်သတ်မည်ဟု လည်း ခြိမ်းခြောက်ပါ သည် ခရစ်ယာန် ဘာသာဝင် တိုင်းရင်းသားများ ကို ဗုဒ္ဓဘာသာပြောင်းရမည်ဟု မှိုင်းတိုက်ထားသကဲ့သို့တောနယ် ဒေသတွေများတွင်NLD နိုင်ရင် မွတ်စလင် တိုင်းပြည်ဖြစ်မည် ကုလားတွေအုပ်စိုးမည်ဟု ဝါဒမှိုင်းဖြန့်နေပါသည်။

သက်နှင်း သုန္ဒရီ Facebook

**RAKHINE NEWS**

## ဂါကျွတ်လပြည့်နေ့ ALA သီချင်း အသံချဲ့စက်ဖြင့် ဖွင့်ရာမှ ဘုန်းကြီးကျောင်းကို စစ်တပ်က ဝင်ရောက်ပြီး လူငယ် နှစ်ဦးအား ဖမ်းဆီးမှု ဖြစ်ပွား

28.10.2015 ကျောက်တော်

အောက်တိုဘာ၂၈ သီတင်းကျွတ်လပြည့်နေ့တွင် ကျောက်တော်မြို့နယ် ပြိန်းချောင်း ကျေးရွာဘုန်းကြီးကျောင်းတွင် NCA လက်မှတ်ရေးထိုးထားသည့် ရခိုင်ပြည်လွတ်မြောက်ရေး တပ်မတော်မှထုတ်ထားသည့်သီချင်းခွေအားအသံချဲ့စက်ဖြင့် ဖွင့်ရာ မှ ယင်းကျောင်း တွင် စစ်တပ်မှ ဝင်ရောက်ပြီး လူငယ် နှစ်ဦးကို ဖမ်းဆီးခေါ်ဆောင်မှုဖြစ်ပွားခဲ့သည်။ အမြောက်တပ် ၃၇၇တပ်ရင်းမှူးအပါအဝင် စစ်သား၂၀ ခန့်နှင့်လက်နက်မပါသည့်၁၀ ယောက်ကျောင်းထဲဝင်လာပြီး ကျန်၁၀ယောက်မှ လက်နက်နှင့်ကျောင်းကို ဝိုင်းထားကာ ဆောင်းဘောက်နှစ်လုံးနှင့် တီဗီ အပေါ်စက်အောက်စက် ယူသွားပြီးအခွေဖွင့်သည့်ကလေးနှစ်ယောက်ကိုလည်းဖမ်းယူသွားသည်ဟုအဆိုပါဘုန်းကြီးကျောင်း၏ကျောင်းထိုင် ဆရာတော် ဦးဝရသာမိက နိရဉ္စရာသို့ မိန့်ကြားသည်။ထို့နောက်စစ်တပ်မှအပေါက်၀ ရဲစခန်းသို့ လွှဲပြောင်းလိုက်ပြီး ညနေ ၄ နာရီတွင် ၎င်းတို့ နှစ်ဦးကို ခံဝန်ချက်ဖြင့် ရဲစခန်းမှပြန်လည်လွှတ်ပေးလိုက် သည်။တပ်ရင်းမှူးမှ AAသီချင်းဟု ထင်မှတ်သည့် အတွက် ဖမ်းကြောင်း။ တရားစွဲမည်ဆိုလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ခွင့်ပြုချက်မရှိဘဲအသံချဲ့စက် ဖွင့်မှုဖြင့်တရားစွဲနိုင်သည်ဟု ပြောသည်။ မာန်ယုကျော် (ရွှေဝမြေ) **Arakan State Facebook**

**OTHER**

## "ကျွန်တော်တို့ မိသားစုကအရှိန်အဝါသုံးပြီးမလျော်သြဇာနဲ့ ရထားတာကိုသာသက်သေပြအဲဒီပြတဲ့လူကိုကျွန်တော်သူပြတဲ့ပမာဏထက် ဆယ်ဆပြန်လျော်ပေးမယ်လို့ စိန်ခေါ်ရပါတယ်" အေးနေဝင်းနှင့် တွေ့ဆုံခြင်း

**29.10.2015**

ကျွန်တော်တို့ မိသားစုအနေနဲ့ မလျော်သြဇာသုံးပြီး ပိုင်ဆိုင်မှု တွေရှိတယ်ဆိုတာမျိုး ဟုတ်နိုးနိုး ပြောခဲ့ကြတာ အခုလို ဂီကီလိခ် ခေတ်လည်းကျရော ဘာမှလက်ဆုပ် လက်ကိုင်ပြစရာ စွပ်စွဲချက်မရှိ၊ ဘယ်နိုင်ငံမှာ ဘယ်လို လျှို့ဝှက်ဘဏ် စာရင်းရှိတာကအစ ဖော် ထုတ်နေတဲ့ ခေတ်ကြီးမှာ ကျွန် တော်တို့ မိသားစုပိုင်ဆိုင်တဲ့ ငွေ စာရင်း အပိတ်ခံရတာ၊အိမ်

တွေ၊လုပ်ငန်း တွေ ချိပ်ပိတ်ခံရတာ လည်း မရှိ။  တစ်ကမ္ဘာလုံး ဘယ် နိုင်ငံကမှ လည်း ဗီဇာပြည်ဝင်ခွင့်  ပိတ်တာ မရှိ။ နောက်ဆုံးနိုင်ငံ တော် ပုန်ကန်မှုနဲ့ ဖမ်းတော့ မသမာမှုတွေ အကုန်အိတ်သွန်ဖာ မှောက်ရှာတာတောင်  ကျွန်တော်တို့ လုပ်ငန်းတွေတစ်ခုမှ ပြန်သိမ်းရတယ်ဆိုတာမှမရှိ။ ဒီအချက်တွေနဲ့တင် လိပ်ပြာသန့်ပါတယ်။ကျွန်တော်တို့ မိသားစုက အရှိန် အဝါသုံးပြီး မလျော်ဩဇာနဲ့ ရှာထားတာကိုသာ သက်သေပြ၊ အဲဒီပြတဲ့လူကို ကျွန်တော်သူပြတဲ့ ပမာဏထက် ဆယ်ဆပြန်လျော်ပေးမယ်လို့စိန်ခေါ်ရဲပါတယ်။အေးသူစံ

http://www.7daydaily.com/story/49731

## အစိုးရနဲ့ အလွမ်းသင့်တဲ့ ကုမ္ပဏီတွေပဲ လုပ်ကိုင်ခွင့်ကြီးကြီးမားမားရထားတဲ့ ပြဿနာက တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေတယ်

ရွှေဂက်စ်စောင့်ကြည့်လေ့လာရေးအဖွဲ့ ဒါရိုက်တာ EITI သုံးပွင့်ဆိုင်အဖွဲ့မှ အရပ်ဘက်ကိုယ်စားလှယ် ဦးဂမ်အောင်နှင့် တွေ့ဆုံခြင်း

**28.10.2015**

ရခိုင်အမျိုးသားနိုင်ငံရေးလှုပ်ရှားသူဦးဂမ်အောင်သည်ဖက်ဒရယ်ကိုအခြေခံသည့်သယံဇာတခွဲဝေမှုများကိုအစဉ်လေ့လာခဲ့ပြီး ၂၀၀၆ တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌  အခြေချနေထိုင်ကာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံခန့်ခွဲမှုစာတမ်းပြုစုခဲ့သည်။၂၀၁၂တွင်မြန်မာ့သယံဇာတစောင့်ကြည့်လေ့လာသည့်အင်္ဂလန်အခြေစိုက်RevenueWatchအဖွဲ့နှင့်ပူးပေါင်း၍ (ယခုအသွင်ပြောင်းဖွဲ့စည်းခဲ့သောသယံဇာတအရင်းအမြစ်စီမံအုပ်ချုပ်မှုအဖွဲ့အစည်းNRGIအဖွဲ့) မြန်မာ နိုင်ငံ၏ သယံဇာတအရင်းအမြစ်စီမံခန့်ခွဲမှုစာတမ်းကိုပြုစုရေးသားခဲ့သည်။မြန်မာနိုင်ငံသည်သယံဇာတစီမံခန့်ခွဲမှုညံ့ဖျင်းသော၄၅နိုင်ငံစာရင်းတွင်ကမ္ဘာ့စီမံခန့်ခွဲမှုအလွန်ညံ့ဖျင်းသည့်နိုင်ငံအဖြစ်ရှိနေခြင်းကို ဖော်ထုတ်နိုင်ခဲ့သည်။ လက်ရှိ ၂၀၁၄ တွင်မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။လက်ရှိသယံဇာတစီမံခန့်ခွဲမှုတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲ ပြဿနာများမှာဗဟိုထိန်းချုပ် မှုပြဿနာ များပြီး အကြီးစား သယံဇာတတူးဖော် ရေး လုပ်ငန်းများအား ဗဟိုက ထိန်း ချုပ်လုပ်ကိုင်နေသည့် ပြဿနာ ပြည်နယ်အဆင့်တွင် ဂန်ကြီးဌာနများရှိနေသော်လည်း  ဗဟို ချုပ်ကိုင်မှုရှိနေဆဲ ထို့ကြောင့်ဗဟိုဦးစီးလျှော့ချမှုမလုပ်မချင်း ဒေသခံနှင့် အစိုးရ၊ ဒေသခံနှင့်ကုမ္ပဏီ၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများဖြစ်နေဦးမည်။ အခြားတစ်ချက်တွင်လည်း အစိုးရနှင့်အလွမ်းသင့်သည့်ကုမ္ပဏီများသာလုပ်ခွင့်ကြီးကြီးမားမားရနေခြင်းသည်တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အဟန့်အတား ဖြစ်စေပြီး တိုင်းပြည် သယံဇာတ စီမံခန့်ခွဲမှုသည် ပရမ်းပတာ ဖြစ်နေ သည်။ ကိစ္စတစ်ခုကိုစနစ်တစ်ခုအစိုးရတစ်ဖွဲ့တည်းနှင့်မလုပ်နိုင်အင်စတီကျူးရှင်းများအရပ်ဘက်အဖွဲ့အစည်းများအားကောင်းလာရမည်ဖြစ်ပြီးထိရောက်သည့် အခင်းအကျင်းများဖြစ်လာရဦး မည်။သိုင်းသိုင်းဝိုင်းဝိုင်း နိုင်ငံရေးပြုပြင် ပြောင်းလဲရေးလုပ်မည်ဆိုလျှင် ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရမည်။  အိဖြူမွန်

http://www.7daydaily.com/story/49626